# ကုလား—ဗမာတိုက်ပွဲ

မောင်သိန်းဖေ

ကိုနု။
ကိုအောင်ဆန်း။
သခင်တင်မောင်။
စသော တက်ရှု
ခေါင်းဆောင်များလည်း။
ဤစာတမ်း အာဘော်
များကို- သဘောတူ
ထောက်ခံကြသည်။



| | | |
|---|---|---|
| ပထမနှိပ် | [စက်တင်ဘာ] | ၅၀၀၀၊ |
| ဒုတိယနှိပ် | [စက်တင်ဘာ] | ၁၀၀၀၀၊ |
| တတိယနှိပ် | [စက်တင်ဘာ] | ၁၀၀၀၀၊ |
| စတုတ္ထနှိပ် | [စက်တင်ဘာ] | ၃၀၀၀၀၊ |
| ပဉ္စမနှိပ် | [စက်တင်ဘာ] | ၁၀၀၀၀၊ |
| ဆဋ္ဌမ | [အောက်တိုဘာ] | ၁၀၀၀၀၊ |
| သတ္တမ | [အောက်တိုဘာ] | ၁၀၀၀၀၊ |
| အဋ္ဌမ | [အောက်တိုဘာ] | ၁၀၀၀၀၊ |

# ထောက်ခံချက်

## မောင်သိန်းဖေရေး "ကုလားဗမာတိုက်ပွဲ" ကို
## ငါတို့ထောက်ခံ၍၊ သူနှင့်အတူတူ
## ထုတ်ဝေရာ၌၊ တာဝန်
## ယူကြောင်း။

၁။ [ပုံ] ထွန်းဘော။ — နဂါးနီစာအုပ်သင်း။

၂။ ။ ထွန်းရွှေ — နဂါးနီပညာသင်အကျိုးဆောင်။

၃။ ။ ထွန်းအုံ — တက္ကသိုလ်သမဝါယမသင်းအကျိုးဆောင်။

၄။ ။ သခင်တင်မောင် — တို့ဗမာအစည်းအရုံး။

၅။ ။ အောင်ဆန်း — ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ သမဂ္ဂအသင်းဥက္ကဋ္ဌ။

၆။ ။ ဘဟိန်း။ — တက္ကသိုလ်သမဂ္ဂအသင်းအကျိုးဆောင်။

## အခြားတက်လူ ခေါင်းဆောင်များ။

၇။ ။ သိန်းဝင်း။

၈။ ။ မောင်နု။

၉။ ။ ဘဆွေ။

မြန်မာ့ချစ်ရှင်စာပုံနှိပ်တိုက်။ ရန်ကုန်မြို့။

# ကုလား-ဗမာ တိုက်ပွဲ။

# Indo-Burman Conflict

[ ၁ ]

ကုလား ဗမာ တိုက်ပွဲကား၊ အနှေးနှင့်အမြန် ဖြစ်ပေါ်ရမည့် မလွဲမရှောင်သာသော အရေးဖြစ်သည်။

"ဘုန်းပစ်တို့နှစ်ဦးစလုံးမှာ၊ လူမိုက်တို့အခြေမှ မတက်နိုင်ခြင်းကိုပြသည်" ဟူ၍ နက်မယောင်နှင့် တိမ်သော မစ္စတာ ဂန္ဒီ၏စကားမျိုးဖြင့် မျက်နှာလွှဲနေရုံဖြင့်လည်းအရေးမပြီး၊ "ဤသို့ဖြစ်ရသည်မှာ ဝမ်းနည်းစရာ ဖြစ်ပါသည်" ဟူ၍ မိုးလောင်ရာတွင် အာမှုမလုပ်ဘဲ ခြုံချကာပိုခြင်းမျိုးဖြစ်သော ဗမာပြည်ဘုရင်ခံ၏ စကားမျိုးသည်လည်း အရာမရောက်၊ အရေးတော်ပုံတရုလုံးသည် ဦးရွှေဖီ၏စာအုပ်ကြောင့်ဖြစ်ရပါသည်ဟု လွယ်လင့်တကူ ဆိုရန်မှာလည်း၊ ဥာဏ်အမြင် ဓောက်မနက်၊ ဘက်ပွဲအကြောင်း အဖြစ်အပျက်အမှန်များကို ဥာဏ်ဝင်စားကာ-တွေးခေါ်ပြီး၊ ရှင်းလင်းရန်သော အရေး ကြီးလှပေ၏။

အဘယ့်ကြောင့် ဤမျှဆူပူရသနည်း။ အဘယ့်ကြောင့် တပြည်းထောင်လုံးက ပိုင်းပြီး အော်ကြ ဟစ်ကြ ရသနည်း။

အဘယ်ကြောင့် လူတွေကို သတ်ရ သနည်း၊ အဘယ်ကြောင့် ဆိုင်တွေကိုဖေါက်ပြီး ဥစ္စာတွေ ယူကြသနည်း။ အဘယ်ကြောင့် အိမ်တွေ ပစ္စည်းတွေကိုမီးရှို့ကြရသနည်း၊

ကုလားတို့ကို ဗမာတို့သည် ချစ်ကြည် ကြပါသည် မဟုတ်လော၊ ဘာသာတရား ယဉ်ကျေးမှု စသည်များကို ကုလားတို့ထံမှ ရခဲ့သဖြင့် ၎င်းတို့အား ကျေးဇူးတင်လျက် ရှိသည်မဟုတ်ရုံလော၊ ခွဲရေးတွဲရေးကိစ္စတုံးက ဗမာတို့သည် တွဲရေးအတွက် မဲပေးခဲ့သည်မဟုတ်ပါလော၊

ကုလားပြည်မှကုလားတို့သည်၊ဤမေးခွန်းများကိုမေးနေကြပေမည်၊ ငါတို့အိန္ဒိယပြည်တွင်ရှိစဉ်က ဤမေးခွန်းတွေကို မျက်မှောက်ပြုခဲ့ရဖူးပြီ၊ ဘာသာတရား ယဉ်ကျေးမှုစသည်များကို ကုလားထံမှရခဲ့သည်မှန်ပါ၏၊ သို့သော် ဗမာအား- ဘာသာတရားနှင့် ယဉ်ကျေးမှုများကို ပေးခဲ့သော အိန္ဒိယပြည်သည် ယခုအိန္ဒိယပြည် မဟုတ်တော့ပြီ၊ ဗမာအားပေးလိုက်သောဘာသာတရား-ယဉ်ကျေးမှုစသည်များမှာ ယခုအိန္ဒိယပြည်၌မရှိတော့ပြီ၊ အိန္ဒိယပြည်၌ ဖျက်ဆီးပစ်လိုက်ခဲ့ကြပြီ၊ သို့ကြောင့် ဗမာ နှင့် ကုလားပြည်များမှာ ဘာသာတရား- ယဉ်ကျေးမှုစသည်များ၌ ကွဲကြတော့ပြီ၊ ကုလားတို့အား ထိုယဉ်ကျေးမှုများအတွက် ကျေးဇူး မတင်နိုင်တော့ပြီ၊ခွဲရေးတွဲရေးတုံးက ဗမာတွေက တွဲရေးကို မဲပေးသည်သည်း မှန်လှပါ၏၊ သို့သော်- မဲပေးသည်မှာ ကုလားတွေကို ချစ်ကြည်လေးမြတ်၍ ပေးသည်မဟုတ်၊ ကျေးဇူးရှင်မို့ မခွဲလို၍ ပေးသည်မဟုတ်၊ ကုလားနှင့်နေရ

သျှင်၊ ဗြိတိသျှတို့လက်အောက်မှ လွတ်လပ်ပေမည်၊ တစွန်း တစအကျိုးခံစားရပေမည် စသည့်ဖြင့် ကိုယ်ကျိုးကြည့်ပြီး ကုလားနှင့်တွဲလိုခြင်းသာဖြစ်ပေ၏၊ တွဲသည့်ကိုယ် ယာယီ တွဲ တွဲလို၏။

ထို့ကြောင့် ကုလားဗမာ အရေးတွင်၊ မေတ္တာဂရုဏာ စသောတရား၊ ကတညုတာ ကတဝေဒီ စသောတရားတို့ဖြင့် သာမြင်မနေကြဘဲ၊ (ဝါ)တရားသဘောတို့ဖြင့် မြင်မနေကြဘဲ၊ အပိုင်အခဲ ရုပ်ဝတ္ထု သဘောဖြင့် မြင်နိုင်ရန်ကြိုးစားရပေတော့မည်။

[ ၂ ]

ရာဇဝင်သက်သေ အထောက်အထားများအရ၊ ကုလားများသည် ဗမာပြည်သို့ လာရောက် ကူးလူးနေကြသည်မှာ ရှေးခေတ်ကပင်ရှိခဲ့လေသည်၊ ထိုစဉ်ကလာကြသောကုလားများမှာ ပြည်ကြီးသားပြီသကြလေသည်၊ သူတို့ပြည်၌ မွန်မြတ်ကြီးပွားသော ဘာသာများကို ဗမာ တိုင်းနေပြည်သားတို့အကျိုးငှါ ဆောင်ယူခဲ့သည်၊ သူတို့ပြည်တွင် စည်ပင်အောင်မြင့်ပေးနေသည့်၊ ဆေးပညာ၊ ဗိသုကာပညာ၊ ပန်းချီပညာစသည်များကို ဗမာပြည်ကြီးပွားစည်ပင်အောင် ယူဆောင်ခဲ့လေသည်၊ အချို့ကုလားများမှာလည်း ဗမာဘုရင်၏ စစ်သည်တော်များ အဖြစ်ဖြင့် ထမ်းရွက်ရန် လာခဲ့ကြခြင်းဖြစ်လေသည်၊

ယခုခေတ်တွင်ဗမာပြည်သို့ရောက်လာကြသောကုလားများကား-ထိုအခိုပါ ဓလေ့ကုလားများ၏နာမည်နှင့် ကျေးဇူးတို့ကို ဖျက်ရန်လာသည်နှင့်တူတော့သည်။

အထက် အောက် ဗမာပြည်ကို အင်္ဂလိပ်တို့ သိမ်းယူသောအခါ ကုလားစစ်သားများက သိမ်းယူသည်၊ ဗမာတို့က သူတို့အား မျက်မုန်းကျိုးသည်။ ထိုကုလားစစ်သားအချို့ပင် ဗမာပြည်တွင် ဆက်လက်နေခဲ့သည်၊ အောက်ဗမာပြည်ကို သိမ်းပြီးသောအခါ၊ အင်္ဂလိပ်ကုန်သည်ကြီးများသည်၊ စူးအက်တူးမြောင်းဖေါက်ခါစဖြစ်၍ဥရောပတိုက်သို့ ဗမာဆန် အမြောက်အများ ဈေးပေါပေါဖြင့် ပို့လိုကြသည်၊အောက်ဗမာပြည်တွင် စပါးအကြီ အကျယ် စိုက်လိုသည်၊တောင်သူများမှာငွေမရှိ၊ အင်္ဂလိပ်ကုန်သည်ကြီးတို့ကလည်း တိုက်ရိုက်မပေးနိုင်သောကြောင့် မဒရပ်မှချစ်တီးများကို ခေါ်ယူလေသည်၊ ၁၈၃၀ နှစ်လောက်ကတည်းက ချစ်တီးတွေ အင်္ဂလိပ် ကုန်သည်ကြီးများ၏ ဘိတ်မာန်ဂြိုချက် ကျည်းချက်ဖြင့် ငွေချေးနေခဲ့သည်။ ဗမာလုပ်သားများ မလုံလောက်သဖြင့်၎င်း၊ ဈေးကြီးသဖြင့်၎င်း၊ ကုလားလုပ်သားများကို ခေါ်ယူခဲ့သည်၊ ဗမာပြည်သို့ ရောက်လာကြသော ဇာတ်ကြီးသည့် ကုလားများကို ဘရာဇကျော်ရောင်းရန်၊ ဂျလေဘီရောင်းရန်၊ ဒိုတီရောင်းရန်၊ ချစ်တီးများကို လာဘက်ရည်ရောင်းရန်၊ ကော်ဖီရောင်းရန်၊ လန်ကွတ်တီရောင်းရန်စသည်ဖြင့်ကုန်သည်များလိုက်ပါလာခဲ့လေသည်၊

ဤသို့ဖြင့်-ဗမာအကျိုးမပျက်တဲ၊သူတို့အမြတ်အစွန်းရ

ရန်အကျိုးအတွက် ကုလားများ စတင်လာရောက်ကြလေသည်။

ကုလားကူလီလုပ်သားများကို မတန်ရည်တန်ရည်ပေး၊ မသေရုံစားရန် ပေးပြီး ခေါ်ခဲ့ကြသည်၊ အချောင်ရသော ကုလားလုပ်သားများ အကူအညီဖြင့် အင်္ဂလိပ်နှင့်ကုလား ဓနရှင်ကြီးများသည် အမြတ်ငွေများစွာရခဲ့ကြသည်။

ထိုသို့တဖြည်းဖြည်း ကုလားများ ဗမာပြည်သို့ဝင်လာလေရာ ယခုအခါ

ဟိန္ဒူ ၅၆,၅၆၀၉
မူစလင် ၃၉,၆၅၉၄
ပေါင်း ၉၆,၂၂၀၃ ရှိလေသည်၊

အကြမ်းအားဖြင့် တသန်းမျှရှိသည်။ဗမာမှာ အကြမ်းအားဖြင့် ၁၂ သန်းမျှ ရှိလေရာ၊ ဗမာ ၁၂ ယောက်လျှင် ကုလား ၁ ယောက်ရှိနေလေပြီ။

ဗမာပြည်၏ ကုလားဝင်ထွက်စရင်းမှာ [၁၀] နှစ်တွက် အောက်ပါအတိုင်းဖြစ်၏။

| | လူဝင် | လူထွက် |
|---|---|---|
| ၁၉၂၈ | ၃၂၄,၀၀၀ | ၂၇၈,၀၀၀ |
| ၂၉ | ၃၀၇,၀၀၀ | ၃၉၈,၀၀၀ |
| ၃၀ | ၂၇၃,၀၀၀ | ၃၆၅,၀၀၀ |
| ၃၁ | ၂၅၂,၀၀၀ | ၂၈၅,၀၀၀ |
| ၃၂ | ၂၄၀,၀၀၀ | ၂၂၅,၀၀၀ |

| | | |
|---|---|---|
| ၁၉၃၃ | ၂၂၀,၀၀၀ | ၂၀၀,၀၀၀ |
| ၃၄ | ၂၉၉,၀၀၀ | ၁၇၅,၀၀၀ |
| ၃၅ | ၂၁၆,၀၀၀ | ၁၇၇,၀၀၀ |
| ၃၆ | ၂၁၉,၀၀၀ | ၁၇၄,၀၀၀ |
| ၃၇ | ၁၉၉,၀၀၀ | ၁၉၅,၀၀၀ |

၁၉၃၁ နှစ်၌ ကုလားဗမာရိုက်ပွဲဖြစ်၍ သုံးနှစ်မျှ ခရီးသွားပြီး ပြန်တက်လာပုံကို တွေ့နိုင်လေသည်။

ထိုစာရင်းအရ တနှစ်ထက်တနှစ်ပို၍သာ ဝင်လာလေရာ ၁၀၀ ကျော် တနှစ် ၁၂-ယောက်နှုန်းမျှတိုးလေသည်၊

ဗမာပြည်တွင်ကုလားထီးနှင့်ကုလားပေါင်းစပ်သဖြင့် တိုးအပ်သည်မှာတရာလျှင်တနှစ် ၁၆ ယောက်မျှတိုးတက်လေသည်။သို့ကြောင့် အနှစ်ငါးဆယ်ကြာသောအခါဗမာ-

၈ ယောက်လျှင် ကုလား *

၁ ယောက် ဖြစ်လာတော့မည်။

ယခုလက်ရှိ ဓနရှင်စနစ်အရ။အုပ်စိုးနေသော အင်္ဂလိပ်အစိုးရ လက်ထက်တွင်ကား။ ယခုအခါ ပညာတတ်ပညာမတတ် အလုပ်လက်မဲ့ များစွာရှိ၏ ထမင်းငတ်မွတ်ခြင်းများစွာရှိ၏။သို့ရှိနေပါလျက်ဖေါ် ပြပါအတိုင်းကုလားအဝင်က တိုးနေချေသော် ဓနရှင်စနစ်အရ အစိုးရခြင်းခံရသော ဗမာပြည်တွင် သည့်ထက်သည် အလုပ်လက်မဲ့ ပေါရန်သာရှိလေသည်။သို့ကြောင့်၊လူဝင်ရေး ပြဿနာကို ကြိုတင်

* ဗမာဇာတ်သွေးတိုးလျော့မှုသည်ကိုထည့်တွက်ပါ၏။

အခရေးယူရန် ဗမာ့တာဝန်သာမဟုတ်၊ အစိုးရတို့ တာဝန်လည်း ဖြစ်လေသည်။ သို့ တထွေတရာဖြစ်၍ ဗမာများက လူဝင်လူထွက် ကန့်သတ်ရေးကို တောင်းသော အခါ၊ ဗမာပြည်ရှိ ကုလားများသည် ဘိလပ်ရောက်အောင် ဆူကြပူကြသည်၊ ကုလားအစိုးရကပါ သဘောတူမှ ကန့်သတ်နိုင်ရန် တောင်းကြသည်၊ ကုလားပြည်နေ ဗမာပြည်ရှိအခြေအနေကို နကန်းတလုံးမျှမသိကြသော ကုလားတို့ကပါ ထောက်ခံပိုင်းဆောင်ကြသည်၊ ကုလားဓနရှင် များက ချေးပေါ်ပေါ်ဖြင့် ကုလားလုပ်သားတွေမရနိုင်မည်ကိုဖိုးသဖြင့် "ကျွန်ုပ်တို့သည် ကုလားများအကျိုးကို စောင့်ရန်ဖြစ်သည်၊ ကျွန်ုပ်တို့ကား ကုလားမျိုးချစ်များဖြစ်ပါသည်" ဟု ညာဝါးကာ ဆူကြလေသည်၊

ကုလားများသည်စကတည်းက ယည်သကို၊ ဆိုသကဲ့သို့ ဗမာပြည်သို့ဝင်လာကတည်းက အမြတ်အစွန်းကိုရရန် ငွေရှာရန်သာလာခဲ့လေသဖြင့်၊ အရှုံ့ အမှတ်မဲ့နေသော ဗမာများထက် စီးပွားရေးတွင် များစွာ သာလာ လေသည်၊ ကုန်သည်ရောင်းဝယ်ရေးတွင် ကုလားတို့သာချုပ်ချယ်လျက်ရှိလေသည်။

ကွမ်းယာဆိုင်မှာလည်း ကုလား။ ဘယာကျော်ဆိုင်မှာလည်းကုလား၊ အထည်ဆိုင်ကြီးမှာလည်းကုလား၊ ဈေးဆိုင်ကြီးမှာလည်းကုလား။ လက်ကားဆိုင်မှာလည်း ကုလား၊ ဘိနပ်သံ့ဂိုက်သည့်မှာလည်း ကုလား၊ ဆွင်ကျယ်စက်ကြီးမှာလည်းကုလား၊ သဲဆပ်ပြာမှာလည်းကုလား၊ ရေမွှေးဆပ်

ဖြာမှာလည်းကုလား၊ အရင်းငွေ ချေးသူမှာလည်း ကုလား၊ ကုလား ကုလား။ နေရာတကာတွင် ကုလားဖြစ်ပေ၏။ ဒရဝမ်လည်းကုလား၊ ဟိုက်ကုတ်တရားသူကြီးလည်းကုလား၊ ထွန်ပေါင်ဒါမှာလည်းကုလား၊ ဆေးဆရာဝန်ကြီးလည်းကုလား၊ ဂျမဒါလည်းကုလား၊ ထောင်မှူးလည်း ကုလားဖြစ်ချေသည်။

အဘက်ဘက်တွင် စီးပွါးရှာကြပြီး ရဆောင်းရသမျှကို ကုလားပြည်သို့စာတိုက်မှတင်ပို့ ကြလေရာ၊ တနှစ်လျှင်ငွေ-

၅-ကုဋေ ဖြစ်သည်။

[Provincial Banking Inquiry Report.]

ဆင်းရဲသားများသာ စာတိုက်ကိုအသုံးပြုသည်။ သူဌေးများကား ဘဏ်တိုက်မှတဆင့်ပင်၊ ကိုယ်တိုင်ပင်ပို့သည်။ ကုလားပိုင်-အဖွဲ့ဘဏ်ချောက်ဒူရီ၊ ကုလားခေါ် မနက်ကို ဗမာခေါ်မြန်ဆီစသော သင်းဘောကုမ္ပဏီများလည်း ရှိသည်။ ထိုးစက်၊ ဒန်ဒိုးစက်၊ ဝွပ်ကျယ်စက်စသော စက်ကြီးများကိုလည်း ကုလားပိုင်သည်၊ များစွာသောဘဏ်တိုက်များကိုလည်း ကုလား ပိုင်သည်၊ ငွေထုတ်ချေးသော ဘဏ်များကိုလည်း ကုလားပိုင်သည်၊ တနှစ်လျှင်......

၁၂-ကုဋေမှ ၁၃-ကုဋေအထိ

တန်ဘိုးရှိသော ကုလားပြည် က ဗမာပြည်ထံမှ ဝယ်သည့်ဆန်မှာ၊ မာရဝါရီစသော ကုလားကြီးများ လက်မှတဆင့်သွားသည်သာများလေသည်။ ရေနံတွင်းများ ကိုလည်း ကုလားပိုင်လိုက်သေးသည်၊ ရွှေဆိုင် ငွေဆိုင် ဟူသမျှမှာ

လည်း ဂူဂျရတ်တီပိုင်သည့်သာ များလေသည်။ ၍ကုလား ခနရှင်များကပင် တနှစ်လျှင် ဆယ့်ကုဋေမျှ ယူနေသည်ဟု ကျွန်ုပ်ခန့်မှန်းလျှင် ရမ်းလွန်းမည်မထင်ပေ။

ဗမာပြည်တွင်အမြဲနေ၍၊ဗမာပြည်သားဟု သူတို့ကိုယ်ကိုမယူဆသော ကုလားနေရှင်များ ရှိသေး၏၊ သူတို့သည် ဗမာပြည်အရပ်ရပ်၌အနှံ့အပြားရှိ၏၊ငွေကိုမြောက်များစွာ ရှာ၊ မြောက်များစွာရပြီးစည်းစိမ်ခံစားသာသာနေကြ၏၊ထိုသို့ သောသူတို့၏ နှစ်စဉ်အမြတ်ငွေမှာ ငါးကုဋေထက် မနည်း နိုင်ချေ။

ဒုရဝမ်မှအစ တိုက်ကွတ် တရားဝန်ကြီး အဆုံးအထိ၊ အစိုးရ အမှုထမ်းပေါင်းဗမာပြည်တွင် ၅၈,၇၅၇ ရှိသည် ဟု ဆိုထား၏။ [Fiscal Committee Report] ထိုအမှုထမ်းများ အတွက် တနှစ်လျှင် လခငွေ ၆,၆၃၀၄,၃၅၀ [၆ ကုဋေ ကျော်]ပေးရလေသည်။ ထိုအမှုထမ်းများတွင် ကုလား— ဗမာ –အင်္ဂလိပ်ကပြားစသည်တို့ပါဝင်ရာ၊ ကုလားဦးရေက ဗမာဦးရေထက် တသောင်းကျော်ပိုနေသည်ဟု လွှတ်တော် တွင် အမတ်တဦးကမေးသဖြင့် သိရပေ၏။

ဗမာ ပညာတတ်အလုပ်လက်မဲ့ များမှာ ထိုကုလားခုပ် သိမ်းသော အလုပ်များကိုကြည့်လျက် ဒင်းတို့ကြောင့် ငါတို့ အလုပ်လက်မဲ့ ဖြစ်ရသည်ဟု ငြိုးနေကြလေသည်။*

---

* ကုန်တိုက်ကြီးများ၊ ကုမ္ပဏီကြီးများရှိ အမှုထမ်း များကို မထွက် ဘဲထားခဲ့သေး၏။

ဖြမ်းမျှခြင်းအားဖြင့်၊ ဗမာပြည်ရှိ ကုလားတယောက် စားရန် သောက်ရန်၊ နေရန်ဆိုသောငွေမှာ တလလျှင် ၇၀ ရ ဆိုကြစို့၊ တနှစ်လျှင် ၈၀ိ ဖြစ်လိမ့်မည်၊ ကုလားတသန်း အတွက် ကိုးကုဋေဖြစ်လိမ့်မည်၊ ထိုသို့ဖြစ်လျှင်-

၅-ကုဋေ စာတိုက်မှသွား၊

၂- ၊ ဆင်းရဲသားကိုယ်တိုင်ယူပြန်၊

၁၀- ၊ ဓနရှင်ဘဏ်တိုက်စသည်တို့မှပို့၊

၅- ၊ ဗမာပြည်နေကုလားသူဌေးများမြိတ်ခွေ၊

၉- ၊ ဗမာပြည်တွင် သုံးစားသည့်ငွေ၊

---

၃၁- ကုဋေ၊

ဗမာများက ကြည့်သည်မှာ ကုလားတသန်း လာနေခြင်း ငွေ ၃၁-ကုဋေ ကုန်ရသည့်၊ ဗမာ ၁၂ သန်းသည်၊ ကု လားတသန်းအတွက်ငွေ ၃၁ ကုဋေအခွန်ဆောင်နေရသည် ဗမာတယောက်လျှင် ၂၅ ကျော်ကျော်တနှစ်တနှစ်ကုလား တော်ကြေး ထမ်းဆောင်ရသည်၊

ဗမာ ငါးဦးပါသော တအိမ်ထောင်လျှင် ၁၂၅ ကုလား တော်ကြေးထမ်းရလျက်၊ ဗမာငါးဦးပါသောတအိမ်ထောင် ၏ဖူမ်းမှု ငွေမှာ ၂၄၀ိ သာ ရှိလေသည်၊

ဗမာ၏ဝင်ငွေနှင့်အသုံး၊ အခွန်တော်၊ ကုလားတော်ကြေး တို့မှာ မမျှပေ၊ ထို့ကြောင့် ယခုအခါ တောရွာကျေးလက် များ၌၊ တောင်သူတို့၏ ကြွေးငွေမှာ၊

၅၀-ကုဋေမှ

၆၀-ကုဋေထိ ရှိနေသည်ဟု ဆို၏ [Provincial Banking Inquiry Report]

သို့ကြောင့်လည်း။ဗိုက်ပျိုးဖြစ်သည့် ဗမာပြည် လေးပုံမှ တပုံသည် ချစ်တီးပိုင်ဖြစ်လာခဲ့ပြီ၊ ကျန်လေးပုံတပုံမှာ၊ချစ်တီးနှင့်အခြားကြွေးရှင်များထံ အပေါင်ခံ ပစ္စည်းများဖြစ်နေလေပြီ၊ တောင်သူများမှာ ကြာလေ မြေမဲ့ယာမဲ့ ဖြစ်လျက်ရှိနေပြီ။

ဗမာတို့သည်။ပြေးစရာမြေမရှိ၊ ပေးစရာငွေမရှိတိုင်း၊ကုလားတို့မျက်နှာကိုသာ မြင်လာကြလေသည်၊

သူတို့၏ အရေးသာနေသော စီးပွါးရေး အခြေအနေကို အလွဲသုံးစားပြုကာ၊ရပ်ရွာများတွင်၊မယ်မောက်ခြင်း၊ ဗမာဆင်းရဲသား အမျိုးသမီးများကို ငွေဖြင့် ဖြားယောင်းဖျက်ဆီးခြင်းများကို ပြုကြလေသည်။ဗမာပြည်တွင် ကုလားထီး ၇ ယောက်လျှင်၊ကုလားမ တယောက်သာရှိ၍၊ ဗမာမများမှာ ယောကျ်ားထက်များနေလေရာ၊ကုလားနှင့်ဗမာညားရမည်မှာ။ဓမ္မတာပင်ဖြစ်လေသည်၊ ငါတို့က ကန့်ကွက်ဘို့မရှိ။သို့သော် ကုလားများကား ဗမာမများကို နောက်ရိုးလောက်သာယူကြသည်၊တရားဝင်မယားမဖြစ်နိုင်အောင်၊ ကုလားတို့တရားဥပဒေအရ စီမံထားကြလေသည်၊ ဗုဒ္ဓဘာသာမသည်၊ တရားဝင်ဖြစ်လိုလျှင်၊ မဟာမေဒင်ဘာသာသို့ ဝင်ရသည်သည်းရှိသေးသည်၊ သို့ကြောင့် ဗမာဗုဒ္ဓဘာသာတို့က၊ဗုဒ္ဓဘာသာနှင့် ဘာသာခြားတို့လက်ထပ်ရေး ဥပဒေကိုပြုရန် လွှတ်တော်တွင်တင်သွင်းခဲ့ကြသည်၊ကုလားများက

ကန့်ကွက်ဆုမှုနေကြသဖြင့် ထိုဥပဒေမှာ သောင်မတင် ရေ ခကျ ဖြစ်နေခဲ့ရလေသည်။

*ကုလားများမှာ ဗမာ့အကျိုးကို ဘယ်တော့မျှ မကြည့် သူတို့အကျိုးရှိသော တခါက်သတ် ကြည့်ကြ လေသည်။ ဗမာတို့နှင့် ဆိုးတူကောင်းဘက် ပူးပေါင်းကာ အခွင့်အရေး များကိုရအောင် ဆောင်ရွက်မည့်အစား၊ လူနည်းစု အဖြစ် ဖြင့် သွေးခွဲကာ နေလေသည်။ အခါများစွာက နိုင်ငံရေးခွ ရင်း၊ မြို့ရေးရွာရေးခွရင်း၊ သူတို့သည် ဥရောပတိုက်သားများ နှင့် ပူးပေါင်းကာ၊ ဗမာကိုဆန့်ကျင်ဘက်လုပ်ကြသေးသည်။ [သူတို့အဖြစ်ကိုမဘော်လိုသော ကုလားပြည်ရှိ ကုလား ခေါင်းဆောင်နှင့် ကုလား သတင်းစာတို့က၊ ဗမာပြည်ကို ရှုတ်ခွဲထုတ်သော ဥရောပသားတို့ အပစ်ကြောင့် အဓိက ရုဏ်းဖြစ်ရသည်ဟု ပြောကြသည်မှာ ရယ်ဘွယ်သာဖြစ် ၏]စီးပွါးရေးတွင်ကား၊ ဗမာတို့သည် နလံ မထူနိုင်အောင် ကုလားတို့က အမြဲလုပ်ခဲ့၏။

ငါ၏မိတ်ဆွေတယောက်သည် ရေမွှေး ပေါင်းဒါစသော ကုန်များကို နိုင်ငံခြားမှ ကိုယ်စားလှယ်ခံ၍ ရောင်း၏၊ သည် အသုပ်မှာ ဗမာ့အရာ မဟုတ်ဟုဆိုပြီး ကျုလယာတရက ငါ့မိတ်ဆွေရောင်းမရအောင် အနည်းနည်းဖြင့် နှောင့်ယှက် ကြ၏၊ ဖျက်ဆီး၏၊ အခြားဗမာတယောက်သည် ကော့စ်မက်

---

* အင်္ဂလိပ်တို့သည်၊ လူတို့အကျိုးအလို့ငှာ၊ ဗမာပြည်ကို ကုလားပြည် မှ=ဗမာကိုကုလားမှ ခွဲလိုသည်ကို ငါတို့ဝန်ခံ၏။ သို့သော်—ကုလားများ ကိုယ်တိုင်က သွေးကွဲအောင် လုပ်နေသည်ကို သင်တို့ သိဘို့လိုသည်။

တစ်စသောချယ်သစရာ[Toilets]များလုပ်၏။ သူကိုယ်တိုင် ရှောင်းသောအခါ ရောင်းမဖြစ်အောင် ကုလား ကုန်သည် များက နှောင့်ယှက်၏။ ကုလားဆိုရောင်းရန် တဦးတည်း ကိုယ်စားလှယ်ပေးမှရောင်းရတော့၏။ ဝံသာနုစိတ်အတော် ကလေးကြွလာသဖြင့် ဗမာတို့လက်ယက်ကန်းများ ခေတ် ထလာလေ၏။ မဒရပ်-ဘုံဘေ ကောင်ပိုဆီမှလာသော အ ထည်များရောင်းမထွင် ဖြစ်သွား၏။ချည်ထုပ်များကို လက် ကားရောင်းသူမှာ ကုလားများဖြစ်သဖြင့် ချည်ထုပ်ဈေးများ ကိုတက်၍ ဗမာယက်ကန်းရုံများ၏လည်ကို ညှစ်၏။ ဗမာ ပြည်တွင် စက်မှုလက်မှုပညာ ထွန်းကားစေရန် ရည်ရွယ် သည်ဆို၍ အစိုးရက လက်မှုပညာသင်ကျောင်းထောင်ရန် ထွက်တောင်၌အဆိုသွင်းရာကုလားခနရှင်တဦးကကန့်ကွက် ၏။ သို့ကလိုနေရာတကာ၌ သွေးမထွက်သောနည်းဖြင့်၊ ဝါ ဂဠ်ုနည်းဖြင့်ညှင်းပန်း၏။

ဥပဒေမညီဘဲ ဗမာကိုကုလားတို့က ညှင်းပန်းခဲ့သည် မှာများလှချေပြီ၊ လူဝင်လူထွက်ကန့်သပ်ရေး၌ရင်း၊ လူမျိုး ခြားလက်ထပ်ရေး၌ရင်း၊ မြေသိမ်းစား ဥပဒေ၌ရင်း၊ စက်မှု လက်မှုပညာ ပြန့်ပွါးရေး၌ရင်း၊ ဗမာစာဖြင့် စာသင်ကြား ရေး၌ရင်း၊ကုလားတို့သည်၊ တညောင်နာနာ၌ မရှောင်သာ အောင် ကန့်ကွက်ဆူပူခဲ့၏၊

[ ၃ ]

ဤသို့ ဗမာ့အကျိုးနှင့် ကလန့်တကျင် ထောင်လောင်ကန့် လန့်သုပ်သူ ကုလားများမှာ အလယ်တန်းစားနှင့် ခနရှင်တို့

သာဖြစ်သည်ကို သင် ရိပ်မိလောက်ပေသည်။ ဗမာပြည်ရှိ ကုလားခနရှင်နှင့် အလယ်တန်းစားများသည်၊သူတို့အကျိုး အတွက် ဆင်းရဲသား ကုလားများကိုပါ ခွဲလျက် ဆူပူ "ဘောက်" လုပ်နေကြသောကြောင့်၊ကုလားတိုင်းကိုဗမာတို့ က မုန်းလာရတော့သည်။

ကုလားဆင်းရဲသားများကား၊ ဗမာပြည်၌ ယောရောက် နေထိုင်ရသောကျေးဇူးကို မေ့ကြပြန်မရှိ။ဗမာများကို ရန် မမူ။တခါတခါဗမာများနှင့် ဆိုးတူကောင်းဘက်ဆောင်ရွက် ကြလေသည်၊ ရေနံချောင်း သံလျှင်စသော ရေနံမြေသပိတ် တို့၌ဖြင့်။ အခြားသပိတ်တို့၌ဖြင့်။ကုလားအလုပ်သမားနှင့် ဗမာအလုပ်သမားသည် တပူးတပေါင်းတည်း ရှိသည်မှာ ထင်ရှား၏၊ ခနရှင်နှင့် အလယ်တန်းစားတို့ သွေးမခွဲလျှင် ဘယ်တော့မျှ ကွဲဘွယ်မမြင်။

သို့ကုလားများကနှောင့်ယှက်ဆူပူနေခိုက်၊ယခုအခါဗမာ များကလည်းအနေအထားအတန် နိုးကြားလျက်ရှိနေ၏။ ခေတ် ချောင်ကြီးကုန်၍ ခေတ်ကြပ် ရောက်နေပြီ ဖြစ်၍ ဗမာတို့ မှာ သက်သက်သာသာ မနေရတော့ပေ။ဆင်းရဲခြင်း၊ အလုပ် လက်မဲ့ခြင်း၊ ဝတ်မွတ်ခြင်းတို့သည် သူတို့ ချက်မှောက်ဝယ် ပြူးစိထိုး၍လာကြကုန်သည်။ လူငယ်တို့ကလည်း နိုးကြား လာကြလေသည်။ ပညာတတ် အလုပ်လက်မဲ့ များလည်း မငြိမ်မသက် လှုပ်ရှားလာလေသည်။ရဟန်းတော်များလည်း အစည်းအရုံးနှင့် နိုးကြားလာကြသည်။

ဤသို့သော အခြေအနေ၌တွင် အချက်ပေါ်လျှင် ကုလား

နှင့်ဗမာတိုက်ပွဲဖြစ်ရမည့်မှာ ရချ။ မီးတဖွားပင်လျှင် ကြီးထွားသောမီးတောက် ဖြစ်ပေလိမ့်မည်။ *

အခါတိုင်းကဲ့သို့ပင်၊ ဓနရှင်ဝါ၊ အလယ်တန်းစားဓနရှင်၏ ကပ္ပါးရတို့မှစ၍တိုက်ရန်အကြောင်းပေါ်ခဲ့လေ၏။ ဦးရွှေဖီ ဆိုသောကျောင်းဆရာကား၊ လူအားလည်းဖြစ်၏။ ဦးနှောက်တွင် အားကစားပြီး။ အသေးရချင်၏၊ ဘာသာတရားငြင်းခုံရာ၌ အားနေသောအချိန်ဖြုန်းပြီး။ အငြင်းဖြေချင်၏၊ သို့ကြောင့် ဗုဒ္ဓဘာသာနှင့်ဗုဒ္ဓဘာသာတရားကို သို့နှယ် ဤနှယ် ရေးလိုက်ခဲ့၏။ အချိန်အားနေသောလူလူချင်းညှင်းသဖြင့် အဖြစ်များနေသော မွတ္တာပတေးခေါ်-ဓနရှင် တဦးက၊ စိတ်ဖြေလက်ပျောက် အဖြစ်ဖြ၊ အဖြစ်ပျောက် ဦးရွှေဖီ၏ စာအုပ်ကို ကောက်ရိုက်လိုက်လေ၏။

ဦးရွှေဖီနည်းတူ ဘာသာရေးပြဿနာတို့တွင် ဗျာများနေသော ဘုန်းတော်ကြီးတပါးနှင့် ထိုစာအုပ် ပက်ပင်းပါဆုံကြသောအခါ၊ ဆူပူမှုစလေတော့၏။ သတင်းထူးလျှင် ဦးချင်ကြသော သတင်းစာများကသူ့ထက်ငါ တိုး၍ ဦးရွှေဖီအကြောင်းကို ရေးကြလေသည်။

အချို့က ဒေါက်တာဘမော်သည် သူ့ဘက်တော်သား မောကေများနှင့် တိုင်ပင်ပြီး၊ ရွှေတိဂုံ အစည်းအဝေးကြီးကို တဘက်လှည့် လုပ်စေသည်ဟုစွပ်စွဲ၏။ နိုင်ငံရေး မျက်စိဖြင့်

---

* ၁၉၃၇-ခုနှစ် ကုန်ခါနီးလောက်က ဗမာပြည် လွှတ်တော်ဥရောပတိုက်သားအဖွဲ့ခေါင်း၊ ဆောင်ဟောင်း မစ္စတာလိ၍ ကိုယ်တိုင်ပင်မရေမ်းမြန်း ဤသို့ပြောခဲ့၏

အသားရေးရန် ကြိုးပန်းမှုဟု ဆိုကုန်၏၊ ငါတို့ကား ထိုအကြောင်းကိုမသိကုန်၊ အစိုးရကို အပြစ်ဆိုရန်မှာ ဖြစ်မည့်အရေးကို မတားဆီး နိုင်ခြင်းကြောင့်မဟုတ်၊ ဖြစ်လာသည့်အရေးကိုကြိုးကိုင်၍အနိုင်မဘမ်းနိုင်သောကြောင့်သာငါတို့အပြစ်ဆိုလိုသည်၊ နန်းရင်းဝန်နှင့်ဂုင်း၏ အစိုးရအဖွဲ့သည်ဗမာတို့၌ကုလားကို မကြည်ဖြူစိတ်ရှိနေသည်ကိုအကွင်းသားမမြင်၊ဘာသာတရားနှင့်ပတ်သက်သော မေဒ်လစီနှင့်ယောဂီအရေးသည် ကုလားမလိုလား မကြည်ဖြူစိတ်ကိုပေါက်ကွဲထွက်စေလိမ့်မည်ကို မတွေးမိ၊ အလျှင်လုပ်ရမည့်အရေး၌၊ဗမာဝန်ကြီးများ ကြည့်တို့ စာအုပ်ကို ဗမာလိုမှအင်္ဂလိပ်လိုပြန်စေ၊ ရုံးထောက်များက၊ အဆင့်ဆင့်ဝန်ကြီးရောက်အောင် ပို့စေ-စသော ရှုံးဓလေ့များကို သုံးနေသည်မှာ အစိုးရ၏ အမှားဖြစ်၏၊

[ ၄ ]

အရေးဖြစ်လာသောအခါ၊ အစိုးရသည် ပြာလောင်ခဝ်သွားပုံပေါ်၏၊ အတွေး ချော်ကုန်၏၊ ဗမာလူမျိုး တို့အားကုလားတို့က ရိုစိစိနှင့်တဖ်အိညှင်းလာသောကြောင့်၊ ဗမာတို့က စိတ်နာနေသည်ကို အကဲမခပ်မိ၊ ဗမာတို့ ငင်ကိုယ်သဘောမှာ ဖြူးခနဲမိုင်းခနဲ ညီညာစွာ လုပ်လေ့ ရှိသည်ကိုမစဉ်းစားမိ၊ထင်မိထင်ရာ သတင်းစာကြောင့်ပင်၊ တပြည်လုံးပြန့်နှံ့လေဟန် ယူဆကာ၊ သတင်းစာများကို ပိတ်လေ၏၊

ကုလားများက၊ဗမာတို့သည် ကုလားကိုတိုက်သည်မှာ အကြံယူ၍ [ Plan ]စနစ်ကျကျ တိုက်သည်ဟု စွပ်စွဲကြ၏၊

တပြည်လုံးဖြန့်သည်ကို တို့အံ့ဩကာ မတွေးတောနိုင်ဘဲရှိကြ၏။ စင်စစ်ကား ကုလားကို မလိုလားသောစိတ်မှ တပါး ဗမာတွင် အကြံစနစ် စသည်တို့မရှိ။ တယောက်လုပ်ချင် ဝိုင်းလုပ်ခြင်း။ တနေရာကစရလျှင် အခြားတနေရာက လိုက်လုပ်ခြင်းမှာ၊ စေ့ဆော်၍မနေရသော ဗမာ့သွေးပါ တခုဖြစ်လေသည်။ (တပြိုင်နက် မီးထွန်းပွဲလုပ်ခြင်း၊ ပန်းကပ်ခြင်းတို့မှ မျိုးစေ့ရ၍။ တပြိုင်နက် ဦးဝိစာရမွေးနေ့ ကျင်းပခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့ကိုကြည့်) ဗမာတွေ ခေါင်းဆောင်ညွှန်သလောက် နောက်လိုက် ကောင်းသည်ကို သိနိုင်လေသည်။ တယောက်က တဖွဲ့က ဟန်ကျပန်ကျ ခေါင်းဆောင်လိုက်လျှင် လူထုက ဖြုံးခနဲ ထလိုက်လေ့ရှိသည်၊ သို့ကြောင့်လည်း။ ကြံထားသလား အောက်မေ့ရအောင် အရေးဖြစ်သွားလိုက်လေသည်၊

တိုက်ပွဲအတွင်း ဗမာရပ်ကွက်များတွင် အရေးကြီးတော့ သက်လုံကောင်း ဆိုသကဲ့သို့ ဖြုံးခနဲကင်းစောင့် အလုပ်များ ပေါ်လာသည်မှာလည်း အံ့ဩဘွယ်ပင် ဖြစ်၏။ သူ့လင်းနှင့်သူ။ သူ့အရပ်နှင့် သူ့အသိုက်၊ ကင်းစောင့်အလုပ်မှာ ညီညွတ်စွာပေါ်လာခဲ့၏၊ ဤသို့သော ဗမာတို့၏စိတ်သဘောကို ကုလားတို့မသိသည့်တိုင်အောင်၊ ဗမာဖြစ်သောအစိုးရအဖွဲ့ဝင်တို့သိတို့ကောင်းလေသည်။

( ၅ )

ဇူလိုင်လ ၂၆-ရက်နေ့တွင် ရွှေတိဂုံခြေရင်း၌၊ မွတ်စ

လင် တရားဟောဆရာ ဦးရွှေဗိ၏ မော်လဝိနှင့် ယောဂီ စာအုပ်ကို ကန့်ကွက်သော အစည်းအဝေးလုပ်၏၊ ထိုနေ့တွင် ပုလိပ်နှင့် ဗမာတို့ အဓိကရုဏ်း ဖြစ်၏၊ ၂၇-ရက် နေ့တွင် ဈေးလုလက်ရှိ၏။ ၂၈ ရက်နေ့တွင် ဆွမ်းခံသွားသော ဘုန်းကြီးတပါးကို ကျူလယာ ကုလားတို့က စတင် ဓါးနှင့်ခုတ်ထွတ်လိုက်သောအခါကစ၍။ ကုလားဗမာ တိုက်ပွဲ စလေ၏။ နောက်တပြည်လုံးပြန့်နှံ့ သွားလေ၏၊*

ဩဂုတ်လတွင်၊ ဈေးနေပြီးနောက်၊ စက်တင်ဘာလ ၂-ရက်နေ့ညနှင့် ၃-ရက်နေ့ များတွင် ကုလားတို့က စပြီး မော်တော် ဘတ်စကား များကို ခဲနှင့်ပေါက်ခြင်း၊ ဗမာတယောက်ကို ၂၄-လမ်းထိပ်တွင် ဓား နှင့် ထိုးသတ်ခြင်းတို့ကို ပြုပြန်သဖြင့် တိုက်ပွဲအသစ်ပေါ် ပြန်လေ၏၊

ဗမာတို့သည် အထိ ခံရ၍ သွေးဆူ လာသော အခါ၊ ကုလားထက် ရဲရင့်လျင်မြန်သောကြောင့် စ၍တိုက်သော ကုလားရန်ကို တော်လှန်နိုင်ခဲ့လေသည်၊

သို့သော် ကုလားများကား ငွေအားဖြင့် ဝိ၍ခိုင်လုံကြ၏။ ငွေဖြင့်ချခံလျှင် အမျိုးမျိုးဖြစ်နိုင်လေသည်၊

နယ်များတွင်မူ ဗမာတို့သည်။ ကုလားကို တိုက်ရသည်မရှိဘဲ စစ်ပုလိပ်တို့၏ သေနတ်ပစ်သာခံနေရလေ၏၊

နန်းရင်းဝန်က အဓိကရုဏ်း ငြိမ်ဝပ်ပိပြားအောင် သင့်

---

*ဤချက်ကို ပြည်ထဲရေး ဝန်ကြီးဆာပေါ်ထွန်းမင် လွန်ခဲ့သော လွှတ်တော်အစည်းအဝေး၌ဝန်ခံရ၏။

ချော်မည်ထင်သလို စီမံရန် ကျွန်ုပ်အာဏာပေးမည်ဟုနယ် အရာရှိများအား အမိန့်ထုတ်ကြောင်းကို လွှတ်တော် အယုံ အကြည်မရှိ အဆိုသွင်းသည့်နေ့က ကြားခဲ့ရ သေသည်၊ တန်းကြီးများလည်းသေနပ်အပစ်ခံကြရ၏၊ လူအများသေနပ် အပစ်ခံရ၍သေဆုံးကြ၏၊ လူသုံးရာမျိုး လေးရာမျိုးကို အပြုံ့ လိုက် ဘမ်းသွားလေ့ရှိ၏။ ဟုတ်ဟုတ် မဟုတ်ဟုတ် တိုက် မှု ခိုးမှုဖြင့် တရားစွဲ ခံနေကြရ၏။ အဓိကရုဏ်း ပြီးသဖြင့် လွှတ်ပြစ်ရန် ခေါင်း ဆောင် များက တောင်းသော်လည်း၊ အစိုးရသည် လွှတ်မပြစ်၊ ညှင်းဆဲနေလေ၏၊

စက်တင်ဘာလ ၄-ရက်အထိ အဓိကရုဏ်းတွင် သေဆုံးသူ ၁၆၅-ယောက်၊ ဒဏ်ရာရသူ ၈၁၈-ယောက်ဖြစ်၍ စစ်သားနှင့် ပုလိပ်တို့၏ လက်ချက်ဖြင့် ၅၅-ယောက်သေ၍ ၁၀၈-ယောက် ဒဏ်ရာရလေသည်၊ ၅၅-ယောက်အနက် အဖြစ်ခံရသူ ကုလား ၃-ယောက်သာဖြစ်၍ ဗမာ ၅၂-ယောက် သေနတ်ဖြင့် အသတ်ခံရလေသည်၊

ဤမျှကလေး အဓိကရုဏ်း စတင်၍ ငြိမ်းသောအခြေ သို့ရောက်သောအခါ၊ ဘုရင်ခံက ရန်ကုန်မြို့ လုံခြုံရေး ဥပဒေ ကြမ်းတခုကို မိမိတဦးတည်း သဘောနှင့် ထုတ်လိုက်၏၊ ဤဥပဒေအရ ဝါရမ်းမပါဘဲ၊ ပုလိပ်အရာရှိများအား မည် သူ့ကိုမဆို ဆူပူ လှုပ်ရှားအောင် လုပ်သည်ဟု ထင်လျှင် ဘမ်းနိုင်ခွင့်ရှိရကား၊ တာဝန်အမဲ့ဆုံးဖြစ်သည့် ပုလိပ်အရာ ရှိများအား စားပေါက်ဖွင့်ပေးသည်နှင့်တူ၏၊ ပုလိပ်များ

ကလည်း တသက်လုံးညှိုးလာသူများကို ယခုအခါ နှိပ်စက် ခွင့်ရသဖြင့်။ အမှန်နှိပ်စက်ကြပေလိမ့်မည်။

ဤကဲ့သို့ မိမိပိုင် အထူးအာဏာရပ်များကို ဖွတ်တော် စည်းဝေး ကျင်းပလျက်ရှိစဉ်တွင်၊ ဝန်ကြီးချုပ်အဘွဲ့အား။ ဤဥပဒေကိုသော်၎င်း၊ အလားတူဥပဒေမျိုးကိုသော်၎င်း။ မ ထုတ်ရဘဲ မိမိတဦးတည်း သဘောနှင့် ထုတ်ခြင်းမှာ၊ ဝန် ကြီးချုပ် အဘွဲ့နှင့် တကွ တိုင်းသူပြည်သားများကို စော် ကားရာ ရောက်လေသည်။ တိုင်းသူပြည်သားများမှာ နင်း ပြားများဖြစ်၍ မည်ကဲ့သို့မျှ ပြန်လည်ချေပ ပြောဆို လုပ် ဆောင်ခွင့်မရှိသော်လည်း။ ဝန်ကြီးချုပ် အဖွဲ့မှာမူ။ မိမိတို့ လုပ်ရန် အထုပ် ဝတ္တရား များကို ဘုရင်ခံက ၎င်းတို့ကို ကျော်လွန်၍ အထူးအာဏာများ သုံးခြင်းမှာ အုပ်ချုပ်ရေး ထုံးတန်းစဉ်လာအရ၊ ဝန်ကြီးချုပ်အဘွဲ့ကို စော်ကားခြင်း ဖြစ် ပြုသည့်အပြင် ဝန်ကြီးချုပ်အဘွဲ့သည် တိုင်းပြည်မအုပ် ချုပ်တတ်၍ ဝင်ရောက်စွက်ဘက်ရသည့်အနေသို့ရောက်၍ နေရကား မည်သည့်တိုင်းပြည်ဘွင် မဆို၊ မိမိကိုယ်ကိုရိုသေ သော ဝန်ကြီးချုပ်အဘွဲ့မှာ ရာထူးမှ နုတ်ထွက်ရလေသည်။

ထိုနည်းတူစွာမြန်မာပြည်ရှိ ဝန်ကြီးချုပ်အဖွဲ့အားလည်း မိမိတို့ကိုယ်ကိုရိုသေသူများဖြစ်မူ၊တိုင်းပြည်ကလည်း မယုံ ဘုရင်ခံကလည်းမယုံသဖြင့်ရာထူးမှနုတ်ထွက်ကြရန် ငါတို့ တောင်းဆို၏။ ထိုနည်းတူ၊ဤ ၅-နှစ်တိုင်တိုင် တည်၍ နေ မည့် ဘုရင်ခံက အာဏာပိုင် သဘောနှင့် ထုတ်လိုက်သည့် ဥပဒေတရပ်ကိုလည်း ငါတို့ လေးနက်စွာကန့်ကွက်၏။

ဤသို့သောလိုသည်ထက်ပို၍ရက်စက်မှုကြောင့်၊ ကုလားမုန်းစိတ်သည်ပျောက်မသွားဘဲ၊ပို၍ဆူပူကြွလာသည့်အဖြင်း၊ အစိုးရကိုပါ ကုလားဘက်တော်သားဟုစွဲ၍ မုန်းကြလေ၏။ ဤသို့အခြေမဟုသည့်အတောအတွင်း၊ အစိုးရသည်၊ ကုလား၊ ခေနရှင်တို့၏ မဲဖြင့်တည်မြဲနေလိုက်သေး၏။ * သို့တည်မြဲနေသောကြောင့်၊ ဗမာအပေါင်းသည်၊ အစိုးရအဖွဲ့ကို ပို၍ မုန်းလာ၏၊ကုလားကိုပိုမုန်းလာ၏၊ သွေးပိုဆူလာ၏။ စာအုပ်ကို ဝိတ်လိုက်ပြီဟု လူမဆူဒီက ကျေညာ လိုက်ရန် လိုသလို၊ ကုလားမဲ-အင်္ဂလိပ်မဲဖြင့်မြဲနေရခြင်းမှာ၊ စိတ်ချမ်းမြေ့ဘွယ်မရှိပါဟု အစိုးရအဖွဲ့က နုတ်ထွက်ပြီး။ လူနည်းစု အာဏာစက်ကင်းသောအစိုးရသစ်ထောင်လိုက်ပါလျှင်၊ ကြွနေသောသွေးများအေးသွားမည်၊ အစိုးရကို မုန်းစိတ်သည်း ပျောက်သွားမည်။ ထိုအခါမှသာ၊ ထိုအစိုးရသစ်က အကြွမ်းမဆုံးဘဲချော့မော့ထာ အဓိကရုဏ်းကို ရပ်စဲနိုင်မည်။ လူနည်းစု အကျိုးပျက်အောင်ကိုကား။ ထိုအမျိုးသားအစိုးရက မတတ်နိုင်၊ဘုရင်ခံမှာ လူနည်းစုကိုကာကွယ်ရန် တာဝန် ရှိပါလျက် နှန်းရင်းဝန်ကပါ ကာကွယ်နေသည်မှာ၊ လောကွတ်များရောရောက်နေလေသည်။

သို့အေးသွားသောအခါ၊ ရုံစမ်းရေးကော်မီတီဖွဲ့၍ အလုပ်

*ဩဂုတ်လ ၂၆-ရက် အစိုးရကိုအယုံအကြည်မရှိအဆို သွင်းရာ၊ အစိုးရမှာ ၆၆-မဲ၊ အတိုက်အခံမှာ ၆၁-မဲရရာ၊ အစိုးရမဲတွင် ကုလား ၁၂-မဲ၊ အင်္ဂလိပ် ၉-မဲ ပါလေသည်။

တွင်ရှာ လုပ်နိုင်ပေ လိမ့်မည်။ ထိုကော်မီတီသည်၊ ငါတို့ ယခုရုံစမ်းသော နည်းများဖြင့် ရုံစမ်းလျှင်၊ လမ်းမှန်ရောက် ပေလိမ့်မည်၊သို့မဟုတ်က၊အနာတခြား- ဆေးတခြား ဖြစ်နေ ပေလိမ့်မည်။

(၄)

ရုံစမ်းရေးကော်မီတီကို၊ ကုလားတို့ကလည်း ဟစ်အော် တောင်းဆိုနေကြလေသည်။ သူတို့က၊ ဗမာနိုင်ငံမှအပ ဖြစ် သောသူများသာ ရုံစမ်းရေး ကော်မီတီတွင် ပါရမည်ဟု ဆို လေသည်၊ကုလားဖြည့်မှခန့်နိုင်သည်ဟုဆိုလိုခြင်းဖြစ်ပေ၏၊ သို့ကလိုကိုယ်ကျိုးချည်းသာ ကြည့်နေသော ကုလားတို့အား သတိပေး၍ဆုံးမသင့်လေပြီ။ ကုလားတို့သည် အိန္ဒိယပြည် သို့သွား၍လျှော်ကြေးတောင်းပေးရန်သူပု နေကြဖြန့်ပြီ။ ဗမာ ပြည်တွင်သူတို့သီးသန့်နေဘို့ကို တောင်းနေကြဖြန့်ပြီ။ ဤကဲ့ သို့၊ မောင်မောင်ဆိုလေ-ထီးရိုးရှေ့ လုပ်နေခြင်း မှာလည်း၊ ငိုတတ်တဲ့ကလေးနို့ရှိရသောဝါဒအတိုင်း ဗမာပြည် အစိုးရ သည် သူတို့ချယ်လှယ်တိုင်းခံရမည်ဟု အိသဖြင့်၊ ပူဆာနေ ခြင်းသာဖြစ်လေသည်။

ကုလား ကိုယ်စားလှယ် များသည်၊ မွတ်စလင်လိဂ်(ဂ်) ကွန်ဂရက်နှင့်ကွန်ဂရက်အစိုးရများထံ၌အကူအညီတောင်း နေလေသည်။ကွန်ဂရက်တို့သည် ကြားဝင်ကောင်း ဝင်လိမ့် မည်၊ကွန်ဂရက် ခေါင်းဆောင်ခြင်းကို ဗမာတို့ရေးက လိုက်ခဲ့

ကြ၏။ ကွန်ဂရက်၏ အာဏာဖီဆန်ရေး- အခွန်မပေးရေး ကာလီဖတ်အရေး စသည်များကို ဗမာတို့သည် ညီညွတ်စွာ ဆောင်ရွက်ခဲ့ကြ၏၊ ကုလားပြည်၌ သရေဇာအဖွဲ့ထောင်သော အခါ ဗမာပြည်ကလိုက်၍ ထောင်ခဲ့၏။ ဤသို့ဗမာက ထုအားနှင့်အလိုတူအလိုပါလိုက်ပါလျက်နှင့်၊ ကုလားတို့ကား ဗမာတို့ ဘာအကျိုးမျှမပြု။

ထို့ကြောင့်ယခုမူငါတို့ကား ကွန်ဂရက်ကိုမလိုလားပေ၊ လက်ရှိကွန်ဂရက်ကား၊ လက်ျာ ဂိုဏ်းသားများ ကြီးစိုးနေသောအဖွဲ့ဖြစ်၏။

ဗမာပြည်ရှိကုလားတို့သည်၊ဗမာပြည်ကိုသူတို့၏ကိုလိုနီနယ်ဟု အောက်မေ့နေကြ၏။ သူတို့၏ စားကျက် ဟူ၍သာ သဘောထား၏။ ဤသို့သဘောထားသည်ကို အားပေးနေသူကား၊ ဝါ-အဖျင်းဆုံး မဟန့်တားဘဲ ခွင့်ပြုသူကား၊ လက်ရှိ ကွန်ဂရက်ပင်ဖြစ်လေသည်။

လက်ရှိကွန်ဂရက်ခေါင်းဆောင်တို့၏ အာဘော်ကို ငါတို့ ကြားဘူးမှ လေပြီ။ ဗမာပြည်သည် ကုလားတို့၏ ကြံရည် ဖန်ရည်၊ ဓနရည်ကြောင့် ကြီးပွား စည်ပင် လာသဖြင့်၊ ကုလားများကို ကျေးဇူး တင်ရမည်ဟု ထင်နေသူများ ဖြစ်သည်။ (ဤသို့ပင် အင်္ဂလိပ်တို့က ကုလားတို့ကို ဆိုခဲ့ဖူးပြီ၊) သူတို့၏ သတင်းစာများကလည်း သည်အာဘော် အတိုင်း ရေးခဲ့ဖူးလေပြီ။ ငါကာလကတ္တားတွင် နေစဉ်က၊ ကွန်ဂရက်ကိုထောက်ခံသော ဓနရှင်တို့၏ သတင်းစာ တစောင်တွင် အင်္ဂလိပ်တို့က အထက်ပါစကားမျိုး ပြောသည်ကို၊ ခေါင်း

# ကုလားဗမာ-တိုက်ပွဲ။

ကြီးဖိုင်းမှနေပြီး ကန့်ကွက်ထား၍၊ နောက်ဖိုင်း ဆောင်းပါးတချတွင်ကား။ဗမာတို့ကို ထိုစကားမျိုး ကုလားတို့က ပြောဆိုတိုက်တွန်းထားလေသည်။ဂန္ဒီ၊ဒေဆိုင်၊ ပတေး၊ ရာဇဂိုပါလချာရီစသော ခေါင်းဆောင်များ ကွန်ဂရက်တွင် ကြီးစိုးနေလေသမျှ ငါတို့ဗမာပြည်က ကွန်ဂရက်ကို ရှိသေမည်မဟုတ်။ကွန်ဂရက်နှင့်ဗမာအရေး၊ကုလားအရေး၊ ကမ္ဘာအရေးများကိုဆိုမည်မဟုတ်၊ဂျဝါဟာလာနေရူး၊ ဒန်ဂေး၊ ဒတ္တမဇွမ်းဒါး၊ဒေါက်တာအာသမက်စသည်တို့ ကြီးစိုးသော အခါမှသာကွန်ဂရက်ကို ငါတို့ ရှိသေမည်၊ ကွန်ဂရက်နှင့် တပ်ပေါင်းကာ လွတ်လပ်ရေး တိုက်ပွဲတွင် နွဲမည်၊ ကုလားဗမာပြဿနာများကိုပူးတွဲဆွေးနွေးကာဖြေရှင်း ပြလိုက်မည်။ ထိုအချိန်သို့ မရောက်သမျှ၊ ဝါ- ဆင်းရဲသား အကျိုး ဆောင်လက်စွဲဂိုဏ်း မကြီးစိုးသေးသမျှ ငါတို့အားလည်း ကုလားက နားလည်မည် မဟုတ်၊ ငါတို့ကလည်း ကုလားကို နားလည်မည်မဟုတ်ကုန်။

# နဂါးနီစာအုပ်သင်း

ဗမာပြည်တွင်၊ဆင်းရဲခြင်း ရောဂါထူခြင်း။ ပညာညံ့ခြင်းများ ထူပြောနေလေရာ။ ထိုမကောင်းဆိုးဝါး သုံးပါးကို ပယ်ဖျောက်နိုင်သော ပညာနှင့်ပယ်ဖျောက်ပြီးလျှင်၊ လူတိုင်းလူတိုင်း၏ လွတ်လပ်ရေး၊ တိုးတက်ရေး၊ ငြိမ်းချမ်းရေးကို အခြေခံကာ။ ခေတ်သစ်တရ တည်ထောင်နိုင်မည့် ပညာများကို နဂါးနီစာအုပ်သင်းက၊ ပေါ် ထွက်ရှိပြီ၊

သင်သည် အသင်းသားအဖြစ်ဖြင့်ဝင်၍၊ထိုအသင်း၏ တာဝန်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပါလော့။

နဂါးနီစာအုပ်သင်း။

၁၉၁-စကော့ဈေး။

ရန်ကုန်မြို့။

နဂါးနီ အသင်းသားများအား အခမဲ့ ဝေငှသည်။
တအုပ်(၂)ပြား။

# အကျိုးရှိလိုလျှင်ဆုံးအောင်ဘတ်ပါ။

---

၁။ ဈေးသက်သာခြင်း။

၂။ ကုန်အမျိုးမှန်ခြင်း။

၃။ ကပ်ဆိုးကြီးထဲတွင်စိတ်ချလက်ချဝယ်ယူနိုင်ခြင်း။

၄။ အမျိုးသားဘက်လူကလေးများအား၊ကူညီရိုင်းပင်းရခြင်း။

မိန်းမ-ယောက်ျားတို့၏ ကာလပေါ် အသုံးအဆောင်များကိုရောင်းချနေပါသည်။

**စသော အကျိုးကျေးဇူးကို ခံစားကော်မူကြပါ။**

**တက္ကသိုလ်သမဝါယမအသင်းဆိုင်လီမိတက်။**

အနောက်ဘက်တန်း၊

၁၄၈-စကော့ဈေး၊

ရန်ကုန်မြို့၊